MoHADM-NUG KNU KNPP CNF

# နိုင်ငံအနှံ့ ရေကြီးရေလျှံမှုဘေးအန္တရာယ် ကျရောက်မှုနှင့်စပ်လျဉ်း၍ ပူးတွဲကြေညာချက်

## ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်

၁။ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလအစောပိုင်းတွင် တောင်တရုတ်ပင်လယ်၌ စတင်ဖြစ်ပေါ်ခဲ့သည့် အင်အား အလွန်ကြီးမားသည့် တိုင်ဖွန်းမုန်တိုင်း ရာဂီမုန်တိုင်း၏ အရှိန်ကြောင့် ထိုင်းနိုင်ငံ မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအတွင်း ရှမ်းပြည်နယ်၊ ကရင်နီပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာအနှံ့အပြား မိုးကြီးခြင်း၊ ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပေါ်ခဲ့ကာ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။

၂။ ၃ရက်ခန့်မိုးကြီးခြင်းနှင့် ဆည်များ၏ ရေပိုလွှဲများမှ ရေထုတ်လွှတ်ခြင်းတို့ကြောင့် မန္တလေးတိုင်း၊ ရှမ်းပြည်နယ်၊ ကရင်နီပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဒေသခံပြည်သူများ ထောင်နှင့်ချီ၍ သေဆုံး၊ ပျောက်ဆုံးနေဆဲဖြစ်ပါသည်။ ရေလွှမ်းမိုးမှုဘေးကြောင့် လူဦးရေ (၇) သိန်းခန့် ထိခိုက်နိုင်မည်ဟု ခန့်မှန်းထားပြီး လူနေအိမ်များပြိုကျ ပျက်စီးခြင်း၊ ပိုင်ဆိုင်ပစ္စည်းများ ဆုံးရှုံးခြင်း၊ လမ်းတံတားနှင့် အခြေခံ အဆောက်အအုံများ ပျက်ဆီးခြင်း၊ စိုက်ပျိုးမြေများ ရေလွှမ်းမိုးခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ သေကြေ ပျက်ဆီးခြင်းနှင့် ရေသယံဇာတများ ပျက်ဆီး ဆုံးရှုံးခြင်းစသည်တို့ ဖြစ်ပေါ်ခဲ့ပါသည်။

၃။ ယင်းကဲ့သို့ ထိခိုက်ပျက်ဆီးမှုများအတွက် အမျိုးသားညီညွတ်ရေးအစိုးရ၊ လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန (MoHADM)၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များဖြစ်သည့် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP)နှင့် ချင်းအမျိုးသားတပ်ဦး (CNF) တို့က ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်

ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများအား ရရှိနိုင်သည့် အရင်းအမြစ်များကို အသုံးပြု၍ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ မုန်တိုင်း၏အရှိန်နှင့် ရေဘေးအန္တရာယ်၏ ကြီးမားပြင်းထန်မှုကြောင့် အစားအစာ၊ သောက်သုံးရေ၊ လူသုံးကုန်ပစ္စည်းများနှင့် အမိုးအကာများထောက်ပံ့ပေးခြင်း လုပ်ငန်းများအပြင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ စိုက်ပျိုးမွေးမြူရေး စသည်တို့ ပြန်လည်ထူထောင်ရေးနှင့် ပျက်စီးသွားသည့်နေအိမ်နှင့် အခြေခံအဆောက်အအုံများ ပြန်လည် တည်ဆောက်ရေးတို့အတွက် အကူအညီများစွာ လိုအပ်လျက်ရှိပါသည်။

၅။ သို့ဖြစ်ရာ လူသားချင်းစာနာကူညီမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂ၊ အီးယူ၊ အာဆီယံနှင့်တကွ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများအား အောက်ပါအချက်များကို တောင်းဆိုအပ် ပါသည်-

(က) အရေးပေါ် လူသားချင်းစာနာမှု အကူအညီများနှင့် ကျန်းမာရေးဆိုင်ရာ အကူအညီ များကို ရေဘေးသင့်ပြည်သူများအား အညီအမျှရရှိစေရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အဆိုပါအကူအညီများကို သက်ဆိုင်ရာဒေသအသီးသီးရှိ လူသားစာနာဝန် ကြီးဌာန တာဝန်ခံများ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များ၊ အရပ်ဘက် လူမှုရေးအဖွဲ့အစည်း များသို့ တိုက်ရိုက်ပံ့ပိုးပေးခြင်း၊

(ဂ) နိုင်ငံတကာကပေးအပ်သည့် လူသားစာနာမှုအကူအညီများကို နိုင်ငံရေးနှင့် စစ်ရေး တို့အတွက် အမြတ်ထုတ်ခြင်းမခံရအောင် အထူး သတိပြု ဆောင်ရွက် ခြင်း၊

(ဃ) ရေဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများသာမက ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကိစ္စရပ်များကိုပါ ရေတိုရေရှည် ပံ့ပိုးကူညီ ခြင်း၊

(င ) တကမ္ဘာလုံးအတိုင်းအတာနှင့် ရန်ပုံငွေ ကန့်သတ်ချက်များရှိသော်လည်း စစ်ဘေးနှင့် သဘာဝဘေးကို တပြိုင်နက်ရင်ဆိုင်ကြုံတွေ့နေရသည့် မြန်မာပြည်သူများအတွက် နိုင်ငံတကာလူသားဒါနမှုများ ရရှိစေရန် တိုက်တွန်းနှိုးဆော်ပေးခြင်း၊

(စ ) ရေဘေးသင့်ပြည်သူများကို ထောက်ပံ့လူသားဒါနမှုများအား ပွင့်လင်းမြင်သာမှုရှိစွာ အသိပေးလုပ်ဆောင်ခြင်း၊

(ဆ) လူသားချင်းစာနာမှုဦးစားပေး (Humanitarian Imperative) အခြေခံမှုကို လက်ကိုင်ထား၍ ထိခိုက်လွယ်အုပ်စုများ၏ လိုအပ်ချက်များကိုပါ ထည့်သွင်း ကူညီပံ့ပိုးကူညီခြင်း၊

(ဇ ) အကူအညီများ အလေအလွင့်မရှိစေဘဲ ထိထိရောက်ရောက်စီမံခန့်ခွဲပေးခြင်း နှင့် စနစ်တကျစောင့်ကြည့်ကွပ်ကဲခြင်း။

၆။ မိမိတို့အနေဖြင့် ဖြစ်ပွားခဲ့သည့် ရာဂီမုန်တိုင်းသက်ရောက်မှု၏ နောက်ဆက်တွဲ ရေကြီးရေလျှံမှုဖြစ်စဉ်တွင် ထိခိုက်ခံစားရသည့် တိုင်းရင်းသားပြည်သူတရပ်လုံးနှင့် တသားထဲ ရပ်တည်လျက်ရှိပြီး ကြုံတွေ့နေရသည့် အခက်အခဲတွေကိုလည်း ထပ်တူ စာနာမိပါသည်။ ထို့အပြင် ရေဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြသည့် လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများကိုလည်း လှိုက်လှိုက် လှဲလှဲ အသိအမှတ်ပြု ကျေးဇူးတင်ရှိပါသည်။ ရေဘေးသင့်ဒေသများ ပြန်လည် ထူထောင်ရေးအတွက်ကိုလည်း မိမိတို့အဖွဲ့အစည်း အားလုံးက ကျောချင်းကပ်၊ ရင်ချင်းအပ်လျက် အတူအကွ ပူးပေါင်းလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ထပ်လောင်း အတည်ပြုအပ်ပါသည်။

ဆက်သွယ်ရန်-

အီးမေးလ်

MoHADM (Email: mohadm@nugmyanmar.org)

KNU (Email: tawneeoo1@protonmail.com)

KNPP (Email: knpp.headquarters@protonmail.com)

CNF (Email: thetni@gmail.com)

MoHADM-NUG KNU KNPP CNF

**Joint Statement on the Widespread Flooding in Myanmar**

**September 17, 2024**

A powerful typhoon that originated in the South China Sea in early 2024 has caused torrential rains, widespread flooding and landslides in the northern part of Thailand and Shan State, Karenni State, Chin State, Karen State, Mandalay, Bago, Sagaing and Magwe regions in Myanmar.

Due to three-day heavy rains and water release from dams and reservoirs led to the hundreds of casualties and missing people in the affected areas. This further resulted in approximately 700,000 people affected; many houses collapsed, properties lost, roads, bridges and critical infrastructure destroyed; agricultural lands inundated; farm animals died and losses of water resources.

Aiming to respond to the impacts of the flooding, the Ministry of Humanitarian Affairs and Disaster Management of the National Unity Government, Karen National Union, Karenni National Progressive Party and Chin National Front are striving in their fullest capacity, to carry out emergency relief and response interventions for the flood affected populations.

In addition to the provision of food, clean water, basic commodities and shelter, health care, water, sanitation and hygiene, agricultural support as part of rehabilitation work and reconstruction of houses and basic infrastructure are substantively in need with the tremendous impact of the typhoon-induced flood.

Therefore, we collectively call for the United Nations, European Union, ASEAN, international and local humanitarian organizations to take the followings into consideration.

(i) To make sure that emergency humanitarian assistance and health care support reach to the flood-impacted people fairly and equally.

(ii) To deliver direct support to the designated personnels of the Ministry of Humanitarian Affairs and Disaster Management, EROs and local CSOs/CBOs at the community level.

(iii) To ensure the humanitarian aid are not politicized or weaponized.

(iv) To support both short-term and long-term assistance ranging from emergency relief to rehabilitation and reconstruction.

(v) Despite the shrinking global funding, to advocate international donors to support Myanmar people who are bearing double burden of natural and manmade disasters simultaneously.

(vi) To inform the people about the international support to flood-hit populations transparently.

(vii) To take account of special needs of the most vulnerable groups in the disaster and conform to the fundamental principle of Humanitarian Imperative.

(viii) To manage the aid effectively and monitor the aid distribution systematically.

As such, we stand steadfastly together with the affected people across the country in this adverse situation and share the losses and pains with deep sympathy. We sincerely appreciate the civil society organizations and the well-wishers who are making tireless efforts in the flood relief operations. We also reaffirm that we are working shoulder to shoulder to respond to and recover from the consequences of the widespread flooding in Myanmar.

For more information, please contact,

MoHADM (Email: mohadm@nugmyanmar.org)

KNU (Email: tawneeoo1@protonmail.com)

KNPP (Email: knpp.headquarters@protonmail.com)

CNF (Email: thetni@gmail.com)